ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၄ / ၂၀၂၃

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ရက်)

အမိန့်ကြော်ငြာစာအမှတ်၊ ၄၅ / ၂၀၂၀ ကို ပြင်ဆင်ဖြည့်စွက်သည့် အမိန့်ကြော်ငြာစာ

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာအမှတ်၊ ၄၅/၂၀၂၀ ကို ပြင်ဆင်သည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ အမိန့်ကြော်ငြာစာအမှတ်၊ ၄၅/၂၀၂၀ တွင် -

(က) အပိုဒ်(၁)၊ အပိုဒ်(၄)၊ အပိုဒ်(၆) အပိုဒ်ခွဲ(က)၊ အပိုဒ်(၇) အပိုဒ်ခွဲ(က)နှင့် အပိုဒ်(၇) အပိုဒ်ခွဲ(ခ)တို့ပါ "စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) အပိုဒ်(၅)တွင်-

- အပိုဒ်ခွဲ(က)ပါ "နှစ်တစ်နှစ်၏ အောက်တိုဘာလ ၁ ရက် တွင် စတင်၍ နောက်နှစ် စက်တင်ဘာလ ၃၀ ရက်တွင် ပြီးဆုံးသော ကာလအပိုင်းအခြားကို ဆိုသည်" ဆိုသည့် စကားရပ်ကို "နှစ်တစ်နှစ်၏ ဧပြီလ ၁ ရက် တွင် စတင်၍ နောက်နှစ် မတ်လ ၃၁ ရက်တွင် ပြီးဆုံးသော ကာလအပိုင်းအခြားကို ဆိုသည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
- အပိုဒ်ခွဲ(င)ပါ "ပြည်ထောင်စုရှေ့နေချုပ်ရုံး" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။
- အပိုဒ်ခွဲ(ဥ)၏ နောက်တွင် အပိုဒ်ခွဲ(ပ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
  - "**မလွန်ဆန်နိုင်သော ဖြစ်ရပ်များ** ဆိုသည်မှာ သဘာဝအလျောက် ကြုံတွေ့နိုင်သည့် ကပ်ရောဂါဘေး၊ ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး စသည့်များအပြင် နိုင်ငံတော်အစိုးရ၏ ကန့်သတ်

တားမြစ်ချက်များ၊ တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှု ပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည့်တို့နှင့် စာချုပ်ဝင် တစ်ဖက်ဖက်က လိုအပ်သော သတိဝီရိယနှင့် ဆောင်ရွက်စေကာမူ မလွန်ဆန်၊ မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များကို ဆိုသည်။"

(ဂ) အပိုဒ်(၆)အပိုဒ်ခွဲ(ခ)ပါ "သက်ဆိုင်ရာ ဝန်ကြီးဌာန/ အဖွဲ့အစည်း အသီးသီးမှ စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနသို့ ပေးပို့၍ ခွင့်ပြုချက်ရယူရန်"ဆိုသည့် စကားရပ်ကို"သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဌာန/အဖွဲ့အစည်းအသီးသီးမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူရန်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) အပိုဒ်(၆)၊ အပိုဒ်(၇)တို့ ပါ "၁၀ % (ကျပ် ၁၀၀.၀၀၀ သန်း)" ဆိုသည့် စကားရပ်ကို "၁၀ % (ကျပ် ၂၀၀.၀၀၀ သန်း)" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(င) အပိုဒ်(၇)တွင်-

- အပိုဒ်ခွဲ(က)ပါ "စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ထောက်ခံအတည်ပြုချက် ရယူရန်" ဆိုသည့် စကားရပ်ကို အောက်ပါ အတိုင်း အစားထိုးရမည်-

  "စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၏ ထောက်ခံ အတည်ပြုချက် ရယူရန်အတွက် အောက်ပါတို့ကိုပါ တစ်ပါတည်းပူးတွဲ တင်ပြရမည်-

  - လုပ်ငန်း/ လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော် နိုင်မှုအစီရင်ခံစာ ၊
  - မူလစီမံကိန်းအပေါ် အကောင်အထည်ဖော်ပြီးစီးမှုအခြေအနေ(ရာခိုင်နှုန်း)
  - မူလခန့်မှန်းစီမံကိန်းတန်ဖိုးအပေါ် သုံးစွဲပြီး အခြေအနေ(ရာခိုင်နှုန်း)၊
  - ဘဏ္ဍာရေးနှစ်အလိုက် ပြီးစီးရန် တင်ပြထားသည့် ကိစ္စရပ်များတွင် မလွန်ဆန်နိုင်သည့် ဖြစ်ရပ်ကြောင့် ခန့်မှန်းစီမံကိန်းတန်ဖိုး ပြောင်းလဲခြင်း ဖြစ်ပေါ်ခဲ့ပါက အဆိုပါဖြစ်ပေါ်မှုအပေါ် စိစစ်ချက်၊
  - ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း သို့မဟုတ် လုပ်ငန်းစီမံကိန်းကို အချိန်ကာလအလိုက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်နှင့်
  - လုပ်ငန်း သို့မဟုတ် လုပ်ငန်းစီမံကိန်းအလိုက် အချိန်ကာလအလိုက် သုံးစွဲမည့်ဘဏ္ဍာငွေလျာထားချက်" ၊

- အပိုဒ်ခွဲ(ခ)ပါ "စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ထောက်ခံ အတည်ပြုချက် ရယူရန်" ဆိုသည့် စကားရပ်ကို အောက်ပါ အတိုင်း အစားထိုးရမည်-

"စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ထောက်ခံ အတည်ပြုချက် ရယူရန် အတွက် အောက်ပါတို့ကိုပါ တစ်ပါတည်းပူးတွဲ တင်ပြရမည်-

- လုပ်ငန်း/ လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်နိုင်မှုအစီရင်ခံစာ၊
- မူလစီမံကိန်းအပေါ်အကောင်အထည်ဖော်ပြီးစီးမှုအခြေအနေ(ရာခိုင်နှုန်း)၊
- မူလခန့်မှန်းစီမံကိန်းတန်ဖိုးအပေါ် သုံးစွဲပြီးအခြေအနေ(ရာခိုင်နှုန်း)၊
- ဘဏ္ဍာရေးနှစ်အလိုက် ပြီးစီးရန် တင်ပြထားသည့် ကိစ္စရပ်များတွင် မလွန် ဆန်နိုင်သည့် ဖြစ်ရပ်ကြောင့် ခန့်မှန်းစီမံကိန်းတန်ဖိုး ပြောင်းလဲခြင်း ဖြစ်ပေါ်ခဲ့ပါ က အဆိုပါဖြစ်ပေါ်မှုအပေါ် စိစစ်ချက်၊
- ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းသို့မဟုတ် လုပ်ငန်းစီမံကိန်းကို အချိန် ကာလအလိုက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်နှင့်
- လုပ်ငန်း သို့မဟုတ် လုပ်ငန်းစီမံကိန်းအလိုက် အချိန်ကာလအလိုက် သုံးစွဲမည့် ဘဏ္ဍာငွေလျာထားချက်"။

(စ) အပိုဒ်(၈)ပါ "နှစ်စဉ် ဧပြီလ ၃၀ ရက် နေ့" ဆိုသည့် စကားရပ်ကို "နှစ်စဉ် စက်တင်ဘာလ ၃၀ ရက် နေ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဆ) အပိုဒ်(၁၃)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။(က) လုပ်ငန်း/လုပ်ငန်းစီမံကိန်း တို့၏ ခန့်မှန်းစီမံကိန်းတန်ဖိုးကို မမျှော်မှန်း နိုင်သည့်ကိစ္စ၊ မူဝါဒအရ မဖြစ်မနေ ဆောင်ရွက်ရန် ကိစ္စမှတစ်ပါး ပြောင်းလဲ ခြင်းမပြုရန်နှင့် သတ်မှတ်ထားသည့် ကာလအတွင်း မူလ စီမံကိန်းတန်ဖိုးဖြင့် လုပ်ငန်း/လုပ်ငန်းစီမံကိန်း ပြီးစီးအောင် ဆောင် ရွက်ရမည်၊

(ခ) လုပ်ငန်း/လုပ်ငန်းစီမံကိန်း တန်ဖိုးအား အမှန်တကယ် ပြီးစီးနိုင်မည့် ကာလနှင့် သုံးစွဲမည့် ဘဏ္ဍာငွေကို တောင်းခံသည့် ပမာဏနှင့်အညီ ဆောင်ရွက်ရမည်။ ရန်ပုံငွေလွှဲပြောင်း သုံးစွဲခြင်းမပြုရ၊

(ဂ) နှစ်ချင်းပြီး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် တန်ဖိုးပြင်ဆင်ပြောင်းလဲခြင်းကို ခွင့်မပြု" ။

၃။ အမိန့်ကြော်ငြာစာအမှတ်၊ ၄၅/၂၀၂၀ တွင် အပိုဒ်(၁၄)ကို အောက်ပါ အတိုင်း အစားထိုးရမည်-

"၁၄။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေ စတင် အာဏာတည်သည့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်၍ အကျိုးသက်ရောက်မည် ဖြစ်သည်။

(က) အထက်အပိုဒ်(၂)ပါ ပြင်ဆင်ချက်များသည် ၂၀၂၂ ခုနှစ်၊နိုဝင်ဘာလ ၁ ရက် နေ့မှ စတင်၍ အကျိုး သက်ရောက်မည် ဖြစ်သည်။"

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ / စီမံ -၁ / ၃ /၂၆(၃၄၁/ ၂၀၂၃)

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်

**ဖြန့်ဝေခြင်း-**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး (လက်အောက်ခံဌာန၊အဖွဲ့အစည်းများအားဖြန့်ဝေပေးပါရန်)
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

| | |
|---|---|
| တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာန၊အဖွဲ့အစည်းအားလုံး<br>ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသအဆင့် ဌာန၊<br>အဖွဲ့အစည်းအားလုံး | (သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ဆက်လက်ဖြန့်ဝေပါရန်) |

စီမံကိန်းရေးဆွဲရေးဦးစီးဌာန

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန် |

ဤဝန်ကြီးဌာနအောက်ရှိ ကျန်ဦးစီးဌာန/လုပ်ငန်း/ အဖွဲ့အစည်းအားလုံး

အမိန့်အရ

(ကျော်ထင်)

ညွှန်ကြားရေးမှူးချုပ်